## Eleventh Sunday in Ordinary Time - C

### 1st READING: *2 Samuel 12:7-10, 13*

**ဓမ္မရာဇဝင်ဒုတိယစောင်၊ ၁၂း ၇–၁၀ ၁၃**

နာသန်ကလည်း၊ ထိုသူသည်ကားအခြားသူမဟုတ်။ ကိုယ်တော်ပင်ဖြစ်၏။ ဣသရေလအမျိုး၏ဘုရားသခင်ထာဝရဘုရားမိန့်တော်မူသည်ကား၊ ငါသည်ဘိသိက်ပေး၍သင့်ကိုဣသရေလရှင်ဘုရင်အရာ၌ခန့်ထားပြီ။ ရှောလုလက်မှလည်းကယ်လွှတ်ပြီ။ သင့်သခင်၏အဆွေအမျိုးကိုင်း၊ သင့်သခင်၏မယားတို့ကိုင်း၊ သင်၏ရင်ခွင်၌ငါအပ်ပေးပြီ။ ဣသရေလအမျိုးနှင့်ယုဒအမျိုးကိုငါပေးပြီ။ ထိုအရာများမလောက်လျှင်အခြားတစ်ပါးသောအရာရာတို့ကိုပေးခြင်းငှာငါအလိုရှိ၏။ သင်သည်ထာဝရဘုရား၏ပညတ်တရားတော်ကိုမထီမဲ့မြင်ပြု၍ရှေ့တော်၌ဒုစရိုက်ကိုအဘယ်ကြောင့်ပြုဘိသနည်း။ ဟိတ္တိလူ၊ဥရိယ၏အသက်ကိုထားဖြင့်သတ်၍သူ၏မယားကိုသိမ်းလေပြီတကား။ ထိုသူကိုအမ္မုန်အမျိုးသားထားနှင့်သတ်လေပြီတကား။ ယခုမှာသင်သည်ငါ့ကိုမထီမဲ့မြင်ပြု၍ဟိတ္တိလူ၊ ဥရိယ၏မယားကိုသိမ်းသောကြောင့်၊ သင့်အဆွေအမျိုးတို့သည်ထားဘေးနှင့်အစဉ်တွေ့ကြုံရကြလိမ့်မည်။ ဒါဝိဒ်ကလည်းငါသည်ထာဝရဘုရားကိုပြစ်မှားပါပြီဟုနာသန်အားဝန်ချ၍နာသန်က၊အသက်တော်ကိုချမ်းသာစေခြင်းငှါ၊ ထာဝရဘုရားသည်ကိုယ်တော်အပြစ်ကိုပယ်တော်မူပြီ။

**ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။**

**Responsorial Psalm  Psalms 32: 1-2, 5, 7, 11,**
**ဆာလံကျမ်း ၃၂**

**သံပြိုင်။** ။ အိုထာဝရဘုရား၊ တပည့်တော်၏အပြစ်ကျူးလွန်ခြင်းများကိုဖြေလွှတ်တော်မူပါစေ။

**၁။** ။ မိမိ၏အပြစ်များမှဖြေလွှတ်ခြင်းခံရ၍၊ ကျူးလွန်သောအပြစ်များအတွက်လွတ်ငြိမ်းချမ်းသာခွင့်ရသောသူသည် မင်္ဂလာရှိ၏။ ထာဝရဘုရား၏အပြစ်တင်တော်မူခြင်းနှင့်ကင်းလွတ်၍၊ လိမ်လည်လှည့်စားမှုကင်းသည့်စိတ်ထားရှိသောသူ သည်မင်္ဂလာရှိ၏။ **(သံပြိုင်)**

**၂။** ။ ထိုအခါတပည့်တော်သည်မိမိ၏အပြစ်ကိုကိုယ်တော့်ထံတွင်ဝန်ခံခဲ့ပါ၏။ တပည့်တော်၏မကောင်းမှုကိုဖုံးကွယ်၍ မထားခဲ့ပါ။ ငါ၏အပြစ်ကျူးလွန်ခြင်းများအတွက်သခင်ဘုရားထံသို့ငါဝန်ချတောင်းပန်မည်ဟုမိမိကိုယ်ကိုပြောဆိုသော အခါ၊ ကိုယ်တော်သည်တပည့်တော်ကိုအပြစ်အနှောင်အဖွဲ့မှဖြေလွှတ်တော်မူ၏ / **(သံပြိုင်)**

**၃။** ။ ကိုယ်တော်ရှင်သည်တပည့်တော်၏ခိုလှုံရာဖြစ်တော်မူ၍တပည့်တော်ကိုဘေးဒုက္ခမှကင်းလွတ်စေခြင်းငှါကာကွယ် စောင့်ရှောက်တော်မူ၏။ **(သံပြိုင်)**

**၄။** ။ ဖြောင့် မတ်သူအပေါင်းတို့ထာဝရဘုရားသခင်၌ဝမ်းမြောက်ရွှင်လန်းကြလော့။ စိတ်နှလုံးဖြူစင်သောသူတို့ရွှင် လန်းစွာသီဆိုကြွေးကြလော့။ **(သံပြိုင်)**

## 2nd READING: *Galatians 2:16, 19-21*

ဂါလာတီယာသြဝါဒစာ ၂း၁၆၊ ၁၉–၂၁

ညီအစ်ကိုတို့၊ လူတစ်ဦးသည်ပညတ်တရားကိုစောင့်ထိန်းခြင်းဖြင့်ဖြောင့်မတ်သည့်အဖြစ်သို့ရောက်ရှိသည်မဟုတ်ပဲ၊ ယေရှုခရစ်တော်ကိုယုံကြည်ခြင်းဖြင့်သာလျှင်ရောက်ရှိကြောင်းကိုသိကြ၏။ပညတ်တရားကိုစောင့်ထိန်းခြင်းဖြင့်မဟုတ်ပဲ၊ ခရစ်တော်ကိုယုံကြည်ခြင်းဖြင့်ဖြောင့်မတ်သည့်အဖြစ်သို့ရောက်စေခြင်းငှါငါတို့သည်လည်းယေရှုခရစ်တော်ကိုယုံကြည်ကြသည်။ အကြောင်းမူကား၊ ပညတ်တရားကိုစောင့်ထိန်းခြင်းဖြင့်မည်သူမျှဖြောင့်မတ်သည့်အဖြစ်သို့မရောက်ရှိနိုင်ပေ။ အကြောင်းမူကားပညတ်တရားကသေစေသည်ဖြစ်ရာ၊ ပညတ်တရားနှင့်ပတ်သက်လျှင်ငါသည်လူသေဖြစ်၏။ သို့မှသာလျှင်ငါသည်ဘုရားသခင်အတွက်အသက်ရှင်နိုင်မည်။ ငါ့အားပညတ်တရားစောင့်ထိန်းရန်အတွက်ဆိုလျှင်အသက်မရှိသကဲ့သို့ဖြစ်စေခဲ့ပြီ။ ငါသည်ခရစ်တော်နှင့်အတူလက်ဝါးကပ်တိုင်၌သတ်ခြင်းကိုခံခဲ့ပြီ။ ငါအသက်ရှင်နေခြင်းမဟုတ်တော့ပဲ၊ ခရစ်တော်သာလျှင်ငါ၌အသက်ရှင်နေခြင်းဖြစ်သည်။ အသွေးအသားအားဖြင့်ယခုရှင်သန်သောအသက်သည်ဘုရားသခင်၏သားတော်ကိုယုံကြည်ခြင်းအားဖြင့်ရှင်သန်လျက်ရှိသောအသက်ပင်ဖြစ်၏။ သားတော်သည်ငါ့ကိုချစ်တော်မူသောကြောင့်ငါ့အတွက်မိမိအသက်ကိုစွန့်တော်မူ၏။ ငါသည်ဘုရားသခင်၏ကျေးဇူးတော်ကိုမငြင်းပယ်ပေ။ အကြောင်းမူကားပညတ်တရားကိုစောင့်ထိန်းခြင်းဖြင့်ဖြောင့်မတ်သည့်အဖြစ်သို့ရောက်ရှိနိုင်ခဲ့ပါလျှင်ခရစ်တော်သည်အကြောင်းမဲ့သေခဲ့ခြင်းဖစ်ပေမည်။

ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။

## GOSPEL: *Luke 7:36-8:3*

ရှင်လုကာဧဝံဂေလိကျမ်း ၇း၃၆–၈း၃

ဖါရိရှဲဦးတစ်ယောက်သည်မိမိနှင့်အတူအစာစားရန်ကိုယ်တော်ကိုခေါ်ဖိတ်သဖြင့်ကိုယ်တော်သည်ဖါရိရှဲဦး၏အိမ်သို့ဝင်၍စားပွဲ၌ထိုင်တော်မူလေ၏။ ထိုအချိန်၌မြို့ထဲတွင်ရှိသောအပြစ်ရှိသူအမျိုးသမီးတစ်ယောက်သည်ဖါရိရှဲဦး၏အိမ်၌ကိုယ်တော်စားပွဲ၌ထိုင်နေတော်မူကြောင်းကြားသိလျှင်ဆီမွှေးကျောက်ဖြူဗူးတစ်လုံးကိုယူဆောင်၍လာ၏။ သူမသည်ကိုယ်တော်၏နောက်တော်တွင်ခြေတော်ရင်းနားမှာရပ်နေကာငိုကြွေးလျက်ကိုယ်တော်၏ခြေတော်ကိုသူမ၏မျက်ရည်တို့ဖြင့်စိုစေပြီးမှမိမိခေါင်းမှဆံပင်ဖြင့်သုတ်လေ၏။ ကိုယ်တော်၏ခြေတော်ကိုလည်းနမ်းလျက်ဆီမွှေးဖြင့်လိမ်းကျံလေ၏။ ကိုယ်တော်ကိုခေါ်ဖိတ်သောဖါရိရှဲဦးသည်ဤအချင်းအရာကိုမြင်လေသော်ဤသူသည်ပရောဖက်ဖြစ်ပါလျှင်မိမိခြေတော်ကိုကိုင်သောအမျိုးသမီးသည်မည်သူဖြစ်သည်ကိုသိပေလိမ့်မည်။ အကြောင်းမူကား၊သူမသည်အပြစ်ရှိသောသူဖြစ်သည်ဟုစိတ်ထဲ၌ဆိုလေ၏။ သခင်ယေရှုးကစီမုန်သင့်အားငါပြောစရာတစ်စုံတစ်ခုရှိသည်ဟုမိန့်တော်မူလျှင်အမိန့်ရှိတော်မူပါဆရာသခင်ဟုပြန်ဖြေလေ၏။ ကိုယ်တော်ကမိန့်တော်မူသည်မှာငွေချေးသောသူတစ်ဦးထံ၌အကြွေးတင်နေသူနှစ်ဦးရှိ၏။ တစ်ဦးသည်ငွေဒေနာရီငါးရာ၊ အခြားတစ်ဦးသည်ကားငါးဆယ်အကြွေးတင်ကြ၏။ သူတို့မှာအကြွေးမဆပ်နိုင်တော့သဖြင့်ငွေချေးသူသည်သူတို့နှစ်ဦးစလုံးကိုအကြွေးမှဖြေလွှတ်လိုက်လေ၏။ သို့ဖြစ်လျှင်သူတို့နှစ်ဦးတွင်မည်သူသည်ကြွေးရှင်ကိုပို၍ချစ်မည်နည်းဟုမေးတော်မူ၏။ စီမုန်ကလည်းအကြွေးများစွာလွှတ်ခြင်းခံရသူသည်ပို၍ချစ်မည်ထင်ပါသည်ဟုလျှောက်လေ၏။ ကိုယ်တော်ကလည်းသင်ထင်မှတ်သည့်အတိုင်းမှန်၏ဟုမိန့်တော်မူ၏။ထိုနောက်အမျိုးသမီးဖက်သို့လှည့်တော်မူလျက်စီမုန်အားမိန့်တော်မူသည်မှာဤအမျိုးသမီးကိုသင်မြင်သလော။ ငါသည်သင်၏အိမ်ထဲသို့ဝင်လာသောအခါငါ၏ခြေများကိုဆေးရန်သင်သည်ရေကိုမပေး၊ သို့သော်သူမသည်မျက်ရည်ဖြင့်ငါ၏ခြေကိုဆေးပြီးမှမိမိဆံပင်နှင့်သုတ်လေ၏။ သင်သည်ငါ့ကိုမနမ်း၊သူမသည်ကားငါဝင်လာသည့်အချိန်မှစ၍ငါ၏ခြေတို့ကိုအဆက်မပြတ်နမ်းလေ၏။ သင်သည်ငါ၏ဦးခေါင်းကိုဆီနှင့်မလိမ်း။သူမသည်ကားငါ၏ခြေကိုဆီမွှေးဖြင့်လိမ်းကျံ၏။ ထို့ကြောင့်သင့်အားငါဆိုသည်ကားသူမသည်များစွာချစ်သောကြောင့်သူမ၏များစွာ သောအပြစ်များခွင့်လွှတ်ခြင်းခံရ၏။ အနည်းငယ်သာ အပြစ်လွှတ်ခြင်းခံရသူသည်အနည်းငယ်သာချစ်၏ဟုမိန့်တော်မလေ၏။ ထို့နောက်ကိုယ်တော်ကသင်၏အပြစ်များလွတ်လေပြီဟုသူမအားမိန့်တော်မူ၏။ ကိုယ်တော်နှင့်အတူစားပွဲ၌ထိုင်နေကြသောသူတို့ကအပြစ်များကိုပင်အခွင့်လွှတ်သောသူသည်မည်သူနည်းဟုအချင်းချင်းပြောဆိုကြ၏။ ကိုယ်တော်ကလည်းသင်၏ယုံကြည်ခြင်းသည်သင့်ကိုကယ်တင်လေပြီ။စိတ်ချမ်းသာစွာသွားလော့ဟုအမျိုးသမီးအားမိန့်တော်မူ၏။ ထို့နောက်ကိုယ်တော်သည်မြို့ရွာတို့ကိုကြွသွားတော်မူ၍လှည့်တော်မူ၍ဘုရားသခင်၏နိုင်ငံတော်အကြောင်းသတင်းကောင်းကိုဟောပြောတော်မူ၏။ တပည့်တော်တစ်ဆယ့်နှစ်ပါးတို့သည်လည်းကိုယ်တော်နှင့်အတူလိုက်ပါကြ၏။ နတ်ဆိုးစီးခြင်းနှင့်အနာရောဂါများမှပျောက်ကင်းချမ်းသာရခဲ့သောအမျိုးသမီးအချို့တို့သည်လည်းလိုက်လာကြ၏။ နတ်ဆိုးခုနစ်ကောင်ပူးဝင်ခြင်းမှလွတ်မြောက်ခဲ့သောမာဒလေးနာခေါ်မာရိယာ။ ဟေရုဒ်၏ဘဏ္ဍာစိုးဖြစ်သောခုဇာ၏ဇနီးဂျိုအန္နာ၊ဆုဇန္နာနှင့်အခြားသူများသည်လည်းထိုအမျိုးသမီးကိုအစုတွင်ပါဝင်ကြ၏။

ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။